မြေစီးတောင်ကျေးရွာ
တောင်အောက်ကျေးရွာအုပ်စု၊ မင်းကင်းမြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မြေစီးတောင်ကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းကင်းမြို့နယ်၏အကူအညီဖြင့်ရေးဆွဲပါသည်။)

မတ် လ ၊ ၂၀၂၂

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ


၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ


နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု (၄၈) ဇယားများ

ကျေးရွာသယံဇာတပြမြေပုံ (မြေစီးတောင်ကျေးရွာ ၊ မင်းကင်းမြို့နယ်)


တောင်ကုန်း
တောင်ကုန်း
တောင်ကုန်း
တောင်ကုန်း
အ.မ.က
တောင်ကုန်း
ကွန်ကရစ် လမ်းမကြီး
တံတား
ကွန်ကရစ် လမ်းမကြီး
မင်းကင်း သို့
ယာကွင်းများ
တောင်ကုန်း
လယ်ကွင်းများ
လယ်ကွင်းများ
ဘုန်းကြီးကျောင်း
လယ်ကွင်းများ
စေတီ
အ.မ.က

မြေစီးတောင်ကျေးရွာ Venn Diagram



၁။ တည်နေရာနှင့် ပထဝီအနေအထား

အိမ်ထောင်စုပေါင်း (၇၀)စု နှင့် ကျား (၁၆၂)၊ မ (၁၄၆)ဦး ဖြင့် လူဦးရေ စုစုပေါင်း (၃၀၈)ဦး ရှိကာ တစ်အိမ်ထောင်လျှင် (၄.၄)ဦးနှုန်း ရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅)ဦးထက် အနည်းငယ်လျော့နည်းပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ် သည် ကျေးရွာရှိလူဦးရေအားလုံး၏ (၇၃%) ရှိပါသည်။

တောင်အောက်ကျေးရွာအုပ်စု၊ မြေစီးတောင်ကျေးရွာသည် မင်းကင်းမြို့နယ်၏ တောင်ဘက် တွင် တည်ရှိပါသည်။ မင်းကင်းမြို့နှင့် (၂)မိုင်ခန့် ကွာဝေးပါသည်။ အရှေ့ဘက်တွင် လယ်ကွင်းများ၊ အနောက်ဘက်တွင် ယာကွင်းများ၊ တောင်ဘက်တွင် လယ်/တော,တောင် နှင့် မြောက်ဘက်တွင် လမ်းမတန်းကျေးရွာ တည်ရှိပါသည်။ မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး လယ်မြေ၊ ယာမြေများရှိပြီး မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာစိုက်ပျိုးရေးအတွက် များသောအားဖြင့် မိုးရေကိုသာ အားထား၍ စိုက်ပျိုးနိုင်ကြပါသည်။ မြို့နယ်သည် (ပူအိုက်စွတ်စိုသော)ဒေသတွင် ပါဝင်ပြီး မိုးရေချိန် (၆၀)လက်မခန့် ရရှိပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း (၄)ဖွဲ့ ရှိပါသည်။ ဂေါပကအဖွဲ့၊ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ မီးကော်မတီအဖွဲ့များဖြစ်ကြပြီး အမျိုးသား၊ အမျိုးသမီး ပူးပေါင်း ပါဝင်ကြပါသည်။ ကျေးရွာ၏သာရေး၊ နာရေး၊ လူမှုရေး၊ ဘာသာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နေကြပါသည်။

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများ သီးထပ်သီးညှပ်လုပ်ငန်းများကို တစ်ပိုင်တနိုင် ဆောင် ရွက်ကြပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

အဓိကဝင်ငွေရ လုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အဆင်ပြေသော အိမ်ထောင်စု (၁၅)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၂၅)၊ မပြေလည်သော အိမ်ထောင်စု (၂၅)စု၊ အလွန် မပြေလည်သော အိမ်ထောင်စု (၅)စု တို့ ရှိကြပြီး အိမ်ထောင်စုအားလုံး၏ (၄၃%) သည် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုအဖြစ် သတ်မှတ် ပြီး (၃၆%) သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ပါသည်။ ကျေးရွာတွင် လယ်မြေကေ (၁၆၅)ကေ၊ ယာမြေကေ (၁၅၀)ကေ၊ စုစုပေါင်း (၃၁၅)ကေ ရှိပြီး မြေဆီဩဇာများ ယေဘူယျအားဖြင့် အသင့်အတင့်ရှိပါသည်။

စိုက်ပျိုးရေးကို အများအားဖြင့် မိုးရေကိုသာ အဓိကအားကိုးစိုက်ပျိုးကြရသဖြင့် စိုက်ပျိုးရေ အနေဖြင့် လုံလောက်မှု မရှိပါ။

ကျေးရွာတွင် အဓိကအားဖြင့် စပါး၊ မြေပဲ၊ နှမ်းနှင့် ကုလားပဲတို့ကို စိုက်ပျိုးကြပါသည်။ လယ် မြေကေအများစုသည် ဧရာမင်း၊ ဆင်းသုခစပါးမျိုးများ စိုက်ပျိုးကြပြီး (၁)ဧကလျှင် အများဆုံး (၇၀)တင်း နှုန်း၊ အနည်းဆုံး (၅၀)တင်းနှုန်း ထွက်ရှိပြီး၊ ပျမ်းမျှအားဖြင့် (၁)ဧကလျှင် (၆၀)တင်းနှုန်း ထွက်ရှိပါသည်။ စပါးစိုက်ပျိုးပြီးပါက ကုလားပဲ၊ စားတော်ပဲနှင့် ပဲမာများ စိုက်ပျိုးကြပြီး ရာသီဥတုအလိုက် အထွက်နှုန်း အသင့်အတင့် ရှိပါသည်။ ကြားကာလတွင် သဘာဝန္တရာစာများ ရရှိပါသည်။

ကျေးရွာတွင် လယ်ယာသုံးကိရိယာ အသုံးပြုမှုအနေဖြင့် လယ်ထွန်စက် နှင့် လက်တွန်း ထွန်စက်များ ပိုင်ဆိုင်မှုရှိကြပါသည်။ လယ်ထွန်စက် ၄ားရမ်းခ (၁)နာရီ (၂၅၀၀၀)ကျပ်နှုန်း၊ လက်တွန်း ထွန်စက် ၄ား ရမ်းခ (၁)နာရီ (၆၀၀၀)ကျပ်နှုန်း၊ ပဲခွဲစက် ၄ားရမ်းခ (၁)တင်းကျလျှင် နို့ဆီဗူး (၂)ဗူး၊ ခြွေလှေ့စက် (၁)နာရီ (၁၃၀၀၀)ကျပ်နှုန်း ပေး၍ ၄ားရမ်းအသုံးပြုရပါသည်။

မွေးမြူရေးအနေဖြင့် နွားများကို အဓိကအားဖြင့် လယ်ယာသုံးလုပ်ငန်းများတွင် အသုံးပြုရန် မွေးမြူကြပြီး ဝက်၊ ကြက်၊ ဘဲများကို တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ ကျေးရွာတွင် စီးပွားဖြစ် မွေးမြူသော ကြက်ခြံ (၁)ခြံ ရှိပါသည်။

အိမ်ထောင်စုအများစုမှာ ကျပန်းလက်လုပ်လက်စား၊ လက်သမား၊ ပန်းရံ၊ ဈေးဆိုင် စသော အိမ်တွင်းလုပ်ငန်းများလည်း ဆောင်ရွက်ကြပါသည်။ တချို့မှာ ရွှေမှော်များသို့ သွားရောက်၍ ရွှေကျင် သည့်လုပ်ငန်းများတွင် လခစားအဖြစ် လုပ်ကိုင်ကြပြီး၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများရှိ စက်ရုံများတွင် သွားရောက်လုပ်ကိုင်ကြသူများလည်း ရှိပါသည်။ သွားရောက်လုပ်ကိုင်ရာဒေသ၊ လုပ်ငန်းများအပေါ် မူတည်၍ တစ်လလျှင် (၁၅၀၀၀၀)ကျပ် မှ (၁၈၀၀၀၀)ကျပ်အထိ ရရှိကြပါသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်၍ လုပ်ကိုင်ကြသူများရှိပြီး (၁၅)သိန်း ကျပ်မှ (၁၈)သိန်းကျပ် အထိ ရရှိကြပါသည်။

(ဂ) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင် လမ်းမကြီးမှာ ကွန်ကရစ်လမ်းဖြစ်ပြီး ရွာတွင်းလမ်းများသည် မြေသားလမ်း များဖြစ်၍ မိုးရာသီတွင် ရွံ့နွံချို့ခွက်များဖြစ်ပေါ်သည့်အတွက် သွားလာရေး အနည်းငယ်ခက်ခဲပါသည်။ ကျေးရွာသည် မင်းကင်း - မုံရွာ ကားလမ်းမပေါ်တွင် တည်ရှိပါသဖြင့် ကျေးရွာချင်းဆက်လမ်းများမှာ ကွန်ကရစ်လမ်းများဖြစ်၍ သွားလာရေး လွယ်ကူပါသည်။ ကျေးရွာ၏ကုန်သွယ်မှုနှင့် လမ်းပန်းဆက် သွယ်ရေးအတွက် စက်ဘီး၊ ဆိုင်ကယ်၊ ကားနှင့် နွားလှည်းများ အသုံးပြု၍ သွားလာရပြီး ဝန်ဆောင်မှု အသင့်အတင့်ကောင်းမွန်ပါသည်။

ကျေးရွာတွင် အိမ်ထောင်စုအများစုမှာ လျှပ်စစ်မီးကို အသုံးပြုနေနိုင်ပြီဖြစ်ပြီး အိမ်ထောင်စု အနည်းငယ်သာ လျှပ်စစ်မီး အသုံးမပြုနိုင်သေးပါ။ ကျေးရွာသည် မြို့နှင့် အနည်းငယ်သာ ကွာဝေးသဖြင့် တယ်လီဖုန်းလိုင်းများ၊ စလောင်းလိုင်းများ အသင့်အတင့်ကောင်းမွန်ပါသည်။ ဆက်သွယ်ရေးနှင့်သတင်း အချက်အလက်များလည်း ချိတ်ဆက်အသုံးပြုနိုင်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သောချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀၀)ကျပ်နှုန်းဖြင့် ထုတ်ချေးပေးပါသည်။ တောင်သူလယ်သမားများအပြင် အခြားအသေးစား စီးပွားရေးလုပ်ငန်းများ ထူထောင် ရန် (ဥပမာ - တစ်နိုင်တစ်ပိုင် မွေးမြူရေး၊ အရောင်းအဝယ်) ချေးငွေဝန်ဆောင်မှုများ လိုအပ်ပါသည်။

(င) ပညာရေး

ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး စာမတတ်သူ မရှိပါ။ မူလတန်းအဆင့် ကျား၊ မ (၁၂၄) ယောက်၊ အလယ်တန်းအဆင့် ကျား၊ မ (၁၂၅)ယောက်၊ အထက်တန်းအဆင့် ကျား၊ မ (၂၁) ယောက်၊ တက္ကသိုလ်/ကောလိပ်အဆင့် ကျား၊မ (၁၃)ယောက် ခန့် ရှိပါသည်။ လက်ရှိစာသင်ကျောင်းတွင် ကျောင်းသား/သူ (၂၅)ယောက်ရှိပြီး ဆရာမ (၃)ယောက်၊ ဆရာ (၁)ယောက် ရှိပါသည်။ ဆရာ/ဆရာမ နှင့် ကျောင်းသား/သူ ဦးရေ တွက်ဆလျှင် လုံလောက်မှုရှိပါသည်။ မူလတန်းကျောင်းသည် (၉၀' × ၃၀') နံကပ် (၁)ထပ် ကျောင်းဆောင်ဖြစ်ပါသည်။

ကျေးရွာ၏ကျောင်းတက်နှုန်းသည် အနည်းငယ် လျော့နည်းနေပါသည်။ အလယ်တန်းနှင့် အထက်တန်းကို မင်းကင်းမြို့တွင် တက်ရောက်ပညာသင်ကြားကြပါသည်။ တက္ကသိုလ်တက်ရောက်မှုမှာ အသင့်အတင့် ရှိပါသည်။ အများစုမှာ မူလတန်းနှင့် အလယ်တန်းပညာ တက်ရောက်ပြီးလျှင် ကျောင်းထွက်ပြီး မိသားစုလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်ကြပါသည်။

(စ) ကျန်းမာရေး

ကျေးရွာတွင် ရာသီကူးပြောင်းချိန်၌ တုတ်ကွေးရောဂါဖြစ်ပွားခြင်းများ အသင့်အတင့်ရှိပါသည်။ သွေးတိုးရောဂါနှင့် ၄က်ဖျားရောဂါလည်း အနည်းငယ်ဖြစ်လေ့ရှိပါသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များ ကာကွယ်ဆေး ပုံမှန်လာရောက်ထိုးနှံမှုများ ရှိပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသောကြောင့် ရွာနှင့် အနည်းငယ်ဝေးသော မင်းကင်းမြို့သို့ သွားရောက်ကုသကြပါသည်။ လမ်းပန်းဆက်သွယ်ရေးအနည်းငယ် ကောင်းမွန်သဖြင့် ဆေးကုသသွားလာရန် အသင့်အတင့် ရှိပါသည်။

ကျေးရွာတွင် စက်ရေတွင်း၊ လက်နှိပ်တုံကင်များမှ မြေအောက်ရေကို အလွယ်တကူ လုံလောက်စွာ ရရှိပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာ သုံးစွဲသူဦးရေ (၁၀၀%) ရှိပါသည်။ စာသင်ကျောင်းတွင် ကျောင်းအိမ်သာမှာ ရေလောင်းအိမ်သာ (၁)လုံး ရှိပါသည်။

(ဆ) ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် မိုးဦးပိုင်းနှင့် မိုးနှောင်းပိုင်းများတွင် လေပြင်းတိုက်ခတ်မှုများ ရံဖန်ရံခါရှိသော်လည်း လူနေအိမ်များ ပျက်စီးမှုမရှိပါ။ သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာမှုရှိစေရေး စွန့်ပစ်အမှိုက်များကို အမှိုက်စွန့်ပစ်မြေနေရာဖြစ်သော ရွာဘေးတွင်ပစ်၍ မီးရှို့ခြင်း ဆောင်ရွက်ကြပါသည်။

(၈) ကျား – မ ရေးရာ

ကျေးရွာတွင် ကျား/မဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ ယေဘူယျအားဖြင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များ တွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘူယျအားဖြင့် ပြောနိုင်ပါသည်။ အုပ်ချုပ်ရေးအသင်း အဖွဲ့ အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အနည်းငယ်လျော့နည်းလျက်ရှိသော်လည်း အခြားလူမှုရေး အသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှု ရှိကြပါသည်။

ကျေးရွာဦးစားပေးစီမံချက်များ

မြို့နယ် - မင်းကင်းမြို့

ကျေးရွာ - မြေစီးတောင်ကျေးရွာ

စဉ်	ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အမည်	ရမှတ်	အဆင့်
၁။	ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း	၁၀၀	၁
၂။	အ.မ.က ကျောင်းဆောင် ဆောက်လုပ်ခြင်း	၉၅	၂
၃။	ကျေးရွာခန်းမ ဆောက်လုပ်ခြင်း	၈၀	၃
၄။	ကျေးလက်ကျန်းမာရေးဆေးခန်း ဆောက်လုပ်ခြင်း	၇၅	၄
၅။	အိမ်သွယ်ရေတိုင်	၆၀	၅

ပြုစုသူအမည် - ဦးမျိုးမြင့်

ဖုန်းနံပါတ် - ၀၉ ၄၅၅၈၉၁၁၄၂

ရာသီခွင်ပြ ပြက္ခဒိန်

အဖြစ်အပျက်	ဇန်	ဖေ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	သြဂုတ်	စက်	အောက်	နို	ဒီ
ရာသီဥတု	အလွန်အေး	အလွန်အေး	နေပူပြင်း	နေပူပြင်း	နေပူပြင်း	မိုးနည်း	မိုးများ	မိုးများ	မိုးနည်း	အအေးနည်း	အလွန်အေး	အလွန်အေး
အလုပ်အကိုင်	များ	များ	များ	များ	များ	သင့်	သင့်	နည်း	များ	သင့်	များ	များ
လက်လုပ်လက်စားမိသားစုများဝင်ငွေရရှိမှု (မရှိ/ နည်း/ များ)	များ	များ	သင့်	သင့်	သင့်	များ	များ	နည်း	နည်း	နည်း	များ	များ
အသုံးစရိတ်	သင့်	သင့်	သင့်	သင့်	သင့်	များ	များ	သင့်	သင့်	သင့်	များ	များ
ချေးငွေ လိုအပ်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	ရှိ	ရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ
ဝမ်းစာ ဖူလုံမှု	များ	များ	များ	များ	များ	သင့်	သင့်	သင့်	သင့်	များ	များ	များ
သောက်သုံးရေ ရရှိမှု	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်
တိရိစ္ဆာန်အစာ ရရှိမှု	များ	များ	နည်း	နည်း	နည်း	များ	များ	များ	များ	များ	များ	များ
တိရိစ္ဆာန်ရောဂါ ကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	ရှိ	မရှိ	မရှိ
ကျန်းမာရေး အခြေအနေ	နည်း	နည်း	နည်း	နည်း	နည်း	များ	များ	နည်း	နည်း	နည်း	နည်း	နည်း
သီးနှံပိုးမွှားရောဂါ ကျရောက်မှု	မရှိ	ရှိ	ရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ
ပွဲတော်	မရှိ	မရှိ	မရှိ	ရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	ရှိ	ရှိ	ရှိ
သဘာဝဘေးအန္တရာယ်	-	-	-	-	-	-	-	-	-	-	-	-

မင်းကင်းမြို့နယ်၊ တောင်အောက်ကျေးရွာအုပ်စု၊ မြေစီးတောင်ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးမျိုးမြင့်	ဦးချစ်တင်	၅/မကန(နိုင်) ၀၆၂၃၅၉	၄၅	ဥက္ကဋ္ဌ	၀၉ ၄၅၅၈၉၂၁၄၂
၂။	ဦးဖြိုးဇင်မောင်	ဦးဝင်းမောင်	၅/မကန(နိုင်) ၀၆၄၇၆၂	၃၃	အတွင်းရေးမှူး	၀၉ ၄၂၉၅၁၈၆၂၇
၃။	ဒေါ်ချိုမာ	ဦးတင်အောင်	၅/မကန(နိုင်) ၀၄၅၉၅၆	၄၂	စာရင်းကိုင်	၀၉
၄။	ဦးအောင်သန်းဝင်း	ဦးဝအောင်	၅/မကန(နိုင်) ၀၆၁၈၅၅	၄၀	ဘဏ္ဍာရေးမှူး	၀၉ ၄၂၂၀၉၉၆၈၄
၅။	ဦးဝင်းခိုင်	ဦးဘစံ	၅/မကန(နိုင်) ၀၀၃၅၀၇	၄၈	အဖွဲ့ဝင်	၀၉ ၄၂၃၅၂၅၃၃၃၇
၆။	ဦးအောင်သန်း	ဦးမောင်ကြည်	၅/မကန(နိုင်) ၀၄၄၀၀၂	၅၀	အဖွဲ့ဝင်	၀၉
၇။	ဒေါ်ခိုင်နှင်းဝေ	ဦးမောင်မောင်	၅/မကန(နိုင်) ၁၀၄၄၂၈	၁၉	အဖွဲ့ဝင်	၀၉ ၈၈၃၇၅၇၀၂၇

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား၊ မြေစီးတောင်ကျေးရွာ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**ကျန်းမာရေးကဏ္ဍ**					
	• ဆေးပေးခန်းဆောက်လုပ်ခြင်း	• ကျေးရွာနေပြည်သူများ ကျန်းမာရေးနှင့်ပတ်သက်၍ အဆင်ပြေလွယ်ကူစေရန်	• လုပ်အားကူညီနိုင်ခြင်း	• ငွေကြေးလုံးလောက်မှုမရှိခြင်း	• ကျေးလက်ဦးစီးဌာနသို့ တင်ပြခြင်း	• ကျေးရွာတွင်း ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း
၂	**ပညာရေးကဏ္ဍ**					
	• အ.မ.က ကျောင်းဆောင်	• ကျောင်းသား/သူများ ပညာသင်ကြားရာတွင် အဆင်ပြေချောမွေ့စေရန်	• လုပ်အားကူညီနိုင်ခြင်း	• ငွေကြေးလုံးလောက်မှုမရှိခြင်း	• ကျေးလက်ဦးစီးဌာနသို့ တင်ပြခြင်း	• အ.မ.က ကျောင်းဆောင်သစ် တည်ဆောက်ခြင်း
၃	**လမ်းတံတားနှင့် အခြေခံအဆောက်အဦးဖွံ့ဖြိုးရေးကဏ္ဍ**					
	• မိုးရာသီတွင် သွားလာရန်ခက်ခဲခြင်း	• ရွာသူ/သားများ၊ ကျောင်းသား/သူများ သွားလာရန် အခက်တွေ့ခြင်း	• လုပ်အားကူညီနိုင်ခြင်း	• ငွေကြေးလုံးလောက်မှုမရှိခြင်း	• ကျေးလက်ဦးစီးဌာနသို့ တင်ပြခြင်း	• ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၁	၄
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၀	၅	၁၅
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၂	၁၃	၂၅
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၀	၁၃	၂၃
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၀၄	၁၂၀	၂၂၄
၆၅ နှစ်နှင့်အထက်	သက်ကြီးရွယ်ကြီး	၇	၁၀	၁၇
စုစုပေါင်း		**၁၄၆**	**၁၆၂**	**၃၀၈**
စုစုပေါင်း အိမ်ထောင်စု				**၇၀**

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက် ။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်စမှ အသက်(၁)နှစ်မပြည့်မီ အရွယ်၊ ၁ နှစ် မှ ၄ နှစ် ဆိုသည်မှာ အသက် (၁)နှစ်ပြည့်အရွယ်မှ (၅)နှစ် မပြည့်မီအရွယ်၊ ၅ နှစ်မှ ၉ နှစ်ဆိုသည်မှာ အသက် (၅)နှစ်ပြည့်သည်မှ အသက် (၁၀)နှစ် မပြည့်မီ အရွယ်၊ ၁၀ နှစ် မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀)နှစ်ပြည့်သည်မှ အသက် (၁၅)နှစ် မပြည့်မီအရွယ်၊ ၁၅ နှစ်မှ ၆၄ နှစ်ဆိုသည်မှာ အသက် (၁၅)နှစ် ပြည့်သည့်မှ အသက် (၆၅)နှစ် မပြည့်မီအရွယ်၊ အသက် (၆၅)နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅)နှစ် ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက် ။ ။ မြေစီးတောင်ကျေးရွာရှိ အလုပ်လုပ်နိုင်သည့် လူဦးရေသည် ကျေးရွာ လူဦးရေ၏ (၇၃%)ရှိသည်ကို တွေ့ရှိရသည့်အတွက် ကျေးရွာ၏စီးပွားရေး အသင့်အတင့် ကောင်းမွန် ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅၅	၂၅၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၅	၇၅	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၅	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၁၅	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၂	၈	၀	မြင့် □ လတ် □ နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၁၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင် သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၅	၄၅		
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅	၁၅		မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက် ။ ။ မြေစီးတောင်ကျေးရွာတွင် လယ်ယာလုပ်ငန်း အဓိကလုပ်ကိုင်ကြပြီး အစိုးရဝန်ထမ်းများ လုပ်ကိုင်သူ အနည်းငယ်ရှိ၍ ပန်းရံလုပ်ငန်းနှင့် ကျပန်းလုပ်ကိုင်သူများနှင့် ကုမ္ပဏီများတွင် သွားရောက် လုပ်ကိုင်သူများလည်း ရှိပါသည်။ ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်ရန် အရည်အချင်းများ ရှိကြသော်လည်း ငွေကြေးအရင်းအနှီး မရှိသဖြင့် မဆောင်ရွက်နိုင်ကြခြင်း ဖြစ်ပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၄၀၀၀	၄၀၀၀	၄၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၆၀၀၀	၅၀၀၀	၆၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရာတွင် နေ့စားလုပ်အားခနှုန်းမှာ ကျား/မတန်းတူ ပေးချေမှုများ တွေ့ရှိရသည်။ ပန်းရံလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်အားခနှုန်းထား အနည်းငယ်ကွဲပြားမှုကို တွေ့ရှိရပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	၁၆၅	ကောင်း ☐ သင့် ☐ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၅၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
ကိုင်း / ကျွန်းမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
ခနိတောမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	**၃၁၅**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော် က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ မြေစီးတောင်ကျေးရွာတွင် လယ်မြေဧက (၁၆၅)ဧက ရှိပြီး ယာမြေဧက (၁၅၀)ဧက ရှိပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)**	**အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)**
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ□□□□ သင့် □□ နည်း□□ မရှိ□□	လွယ်□□ ခက် □ အသုံးမပြုနိုင်ပါ □
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ□□□□ သင့် □□ နည်း□□ မရှိ□□	လွယ်□□ ခက် □ အသုံးမပြုနိုင်ပါ □
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ□□□□ သင့် □□ နည်း□□ မရှိ□□	လွယ်□□□ခက် □ အသုံးမပြုနိုင်ပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ□□□□ သင့် □□ နည်း□□ မရှိ□□	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မြေစီးတောင်ကျေးရွာတွင် သတ္တုနှင့် တွင်းထွက်သယံဇာတများ မရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိ သောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည် သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၅	၂၅	၂၅	၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာ၏ ဥစ္စာဓနအဆင့်မှာ စီးပွားရေး အသင့်အတင့် ကောင်းမွန်ပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၂၅	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၂၅ လုပ်အားခကြိုယူ = ၀

ရင်းမြစ်.. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အိမ်ထောင်စု အများစုမှာ စားနပ်ရိက္ခာဖူလုံမှုရှိပြီး အိမ်ထောင်စု အနည်းစုမှာ ချေးငှားသုံးစွဲရပါသည်။

(ဇ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၃		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၇		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မြေစီးတောင်ကျေးရွာတွင် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု (၃)စု နှင့် အခြားဒေသသို့ သွားရောက် အလုပ်လုပ်ကိုင်နေသည့် အိမ်ထောင်စု (၇) စု ရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	**ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)**	**ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□ မရှိ□□
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□ မရှိ□□
၃	ရေကြီးခြင်း	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□ မရှိ□□
၄	မိုးခေါင်ခြင်း	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□ မရှိ□□
၅	အအေးလွန်ကဲခြင်း	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□ မရှိ□□
၆	မုန်တိုင်း	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□ မရှိ□□
၇	ငလျင်	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□ မရှိ□□
၈	မီးဘေး	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□ မရှိ□□
၉	ဆားငန်ရေဝင်မြေ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□ မရှိ□□
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□ မရှိ□□
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□ မရှိ□□
၁၂	၄က်ဖျားရောဂါ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□ မရှိ□□
၁၃	တီဘီရောဂါ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□ မရှိ□□
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□ မရှိ□□
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□ မရှိ□□

စဉ်	**ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)**	**ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့်□□□□□□လတ်□□□□□□□နိမ့်□□ မရှိ□□
၁၇	လူကုန်ကူးခြင်း	မြင့်□□□□□□လတ်□□□□□□□နိမ့်□□ မရှိ□□
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့်□□□□□□လတ်□□□□□□□နိမ့်□□ မရှိ□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ မိုးရေကိုသာ အဓိကအားထား စိုက်ပျိုးရသော ဒေသဖြစ်သဖြင့် မိုးခေါင်မှုဖြစ်ပေါ်ပါက သီးနှံအထွက်နှုန်း လျော့ကျသည့်အတွက် ကျေးရွာရှိ အိမ်ထောင်စုများမှာ စီးပွားရေး အဆင်မပြေမှုများ ကြုံတွေ့နေရသည့်အတွက် စိုက်ပျိုးရေးအလုံအလောက်ရရှိရန် လိုအပ်ပါသည်။

(ဇ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့်□□□□□လတ်□□□□နိမ့်□□□မရှိ□□
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့်□□□□□လတ်□□□□နိမ့်□□ မရှိ□□
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်□□□□□လတ်□□□□နိမ့်□□ မရှိ□□
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့်□□□□□လတ်□□□□နိမ့်□□□မရှိ□□
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့်□□□□□လတ်□□□□နိမ့်□□□မရှိ□□
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့်□□□□□လတ်□□□□နိမ့်□□□မရှိ□□
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့်□□□□□လတ်□□□□နိမ့်□□□မရှိ□□
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့်□□□□□လတ်□□□□နိမ့်□□□မရှိ□□
၉	ငါးကန်ပိုင်ရှင်များ	မြင့်□□□□□လတ်□□□□နိမ့်□□□မရှိ□□
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့်□□□□□လတ်□□ နိမ့်□□□ မရှိ□□
၁၁	လူနည်းစုလူမျိုးများ	မြင့်□□□□□လတ်□□□□နိမ့်□□□မရှိ□□
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့်□□□□□လတ်□□□□နိမ့်□□□မရှိ□□
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့်□□□□□လတ်□□□□နိမ့်□□ မရှိ□□
၁၄	ရွှေတွင်းလုပ်သားများ	မြင့်□□□□□လတ်□□□□နိမ့်□□□မရှိ□□

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၅	ဆေးစွဲသူများ	မြင့်□□□□□လတ်□□□□နိမ့်□□□မရှိ□□
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်□□□□□လတ်□□□□နိမ့်□□□မရှိ□□
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့်□□□□□လတ်□□□□နိမ့်□□□မရှိ□□
၁၈	နေရပ်ပြန် အခြေချသူများ	မြင့်□□□□□လတ်□□□□နိမ့်□□□မရှိ□□
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်□□□□□လတ်□□□□နိမ့်□□□မရှိ□□
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့်□□□□□လတ်□□□□နိမ့်□□□မရှိ□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ မြေစီးတောင်ကျေးရွာရှိ အချို့သော အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများမှာ မိသားစု စားဝတ်နေရေးအတွက် လိုအပ်သည့်လုပ်အားမရှိသည့်အတွက် ဝင်ငွေနည်းပါးပြီး စီးပွား ရေး အဆင်မပြေမှုများ ကြုံတွေ့နေရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဂေါပက	၁ ☐ ၂ ☐ ၃ ☐	၅	၀	၅	ပညာရေး ☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
၂	အမျိုးသား အဖွဲ့	၁ ☐ ၂ ☐ ၃ ☐	၁၅	၀	၁၅	ပညာရေး ☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
၃	အမျိုးသမီး အဖွဲ့	၁ ☐ ၂ ☐ ၃ ☐	၀	၂၃	၂၃	ပညာရေး ☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
၄	မီးကော်မတီ အဖွဲ့	၁ ☐ ၂ ☐ ၃ ☐	၁၀	၀	၁၀	ပညာရေး ☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး	
၅		၁ ။ ၂ ။။။။ ၃ ။				ပညာရေး ။။ငွေကြေး။။ ကျန်းမာရေး။။ဘာသာရေး။ စိုက်ပျိုးမွေးမြူရေး။။ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး။ လုံခြုံရေးနှင့် ကာကွယ်ရေး။။	ကောင်း။။ သင့်။။ ညံ့။။
၆		၁ ။ ၂ ။။။။ ၃ ။				ပညာရေး ။။ငွေကြေး။။ ကျန်းမာရေး။။ဘာသာရေး။ စိုက်ပျိုးမွေးမြူရေး။။ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး။ လုံခြုံရေးနှင့် ကာကွယ်ရေး။။	ကောင်း။။ သင့်။။ ညံ့။။
၇		၁ ။ ၂ ။။။။ ၃ ။				ပညာရေး ။။ငွေကြေး။။ ကျန်းမာရေး။။ဘာသာရေး။ စိုက်ပျိုးမွေးမြူရေး။။ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး။ လုံခြုံရေးနှင့် ကာကွယ်ရေး။။	ကောင်း။။ သင့်။။ ညံ့။။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူမှုအခြေပြုအဖွဲ့ (၄)ဖွဲ့ ရှိပြီး ကျေးရွာ၏ ဘာသာရေး၊ နာရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အမျိုးသား၊ အမျိုးသမီးများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါ သည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံး တစ်ခုနှင့်အထက် ရွေးနိုင်သည်)
၁		၁ □□၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး □□□ငွေကြေး □ ကျန်းမာရေး□□□ဘာသာရေး □□ စိုက်ပျိုးမွေးမြူရေး □□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂		၁ □□၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး □□□ငွေကြေး □ ကျန်းမာရေး□□□ဘာသာရေး □□ စိုက်ပျိုးမွေးမြူရေး □□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃		၁ □□၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး □□□ငွေကြေး □ ကျန်းမာရေး□□□ဘာသာရေး □□ စိုက်ပျိုးမွေးမြူရေး □□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄		၁ □□၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး □□□ငွေကြေး □ ကျန်းမာရေး□□□ဘာသာရေး □□ စိုက်ပျိုးမွေးမြူရေး □□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁ □□၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး □□□ငွေကြေး □ ကျန်းမာရေး□□□ဘာသာရေး □□ စိုက်ပျိုးမွေးမြူရေး □□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၆		၁ □□၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး □□□ငွေကြေး □ ကျန်းမာရေး□□□ဘာသာရေး □□ စိုက်ပျိုးမွေးမြူရေး □□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ခမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊

ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၅	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၈	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကကြား	၃၂	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား	၅	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၇၀**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု (၁၅)စု ရှိပြီး (၂.၅)ဧကအောက် (၁၈) စုရှိပြီး၊ (၂.၅)ဧကမှ (၅)ဧက ကြား (၃၂)စု ရှိ၍၊ (၅) ဧကမှ (၁၂.၅)ဧက ကြား (၅)စု ရှိပါသည်။ (၁၂.၅) ဧက အထက် လယ်ယာမြေပိုင်ဆိုင်သူများ မရှိကြောင်း တွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ □
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ □
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ □
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ □
၅	အဝီစိတွင်း	၁၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၆	လက်ဝင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ □
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ လယ်ယာမြေများမှာ မိုးရေ ရရှိမှသာ ရေလုံလောက်မှု ရှိပြီး မိုးခေါင်ပါက (၁၀)ဧက အတွက်သာ ရေလုံလောက်မှု ရှိသည့်အတွက် စိုက်ပျိုးရေးအလုံအလောက် ရရှိရန်

လိုအပ်ပါ သည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာ တစ်ခု ကိုသာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာ တစ်ခု ကိုသာ ရွေးရန်)
		ယူနစ်	အ နည်း ဆုံး	အ များ ဆုံး	ပျှမ်း မျှ	မှ	ထိ		
စပါး	၁၆၅	ဧက	၅၀	၇၀	၆၀	ဩဂုတ်	ဒီဇင် ဘာ	မြင့် ? လတ် ??? နိမ့် ?	မြင့် ? လတ် ??? နိမ့် ?
မြေပဲ	၁၀၀	ဧက	၁၃	၁၅	၆	အောက် တိုဘာ	ဇန်န ဝါရီ	မြင့် ? လတ် ??? နိမ့် ?	မြင့် ? လတ် ??? နိမ့် ?
နှမ်း	၅၀	ဧက	၈	၁၀	၇	ဇွန်	ဩဂုတ်	မြင့် ? လတ် ??? နိမ့် ?	မြင့် ? လတ် ??? နိမ့် ?
ကုလားပဲ	၃၀	ဧက	၁၀	၁၅	၁၃	ဇန်နဝါ ရီ	မတ်	မြင့် ? လတ် ??? နိမ့် ?	မြင့် ? လတ် ??? နိမ့် ?
								မြင့် ? လတ် ??? နိမ့် ?	မြင့် ? လတ် ??? နိမ့် ?
								မြင့် ? လတ် ??? နိမ့် ?	မြင့် ? လတ် ??? နိမ့် ?

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မြေစီးတောင်ကျေးရွာတွင် လယ်ယာမြေလုပ်ကိုင်သူအများစု နေထိုင်ပြီး ရာသီဥတုမှန်ကန်ပြီး မိုးရေ ရရှိပါက အထွက်နှုန်း ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်	၈			
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်	၁			
ရေစုပ်စက်	၅			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးသုံး စက်ကိရိယာ အနည်းငယ်ရှိပြီး တောင်သူအများစုမှာ ငှားရမ်း သုံးစွဲကြပါသည်။ လုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်ရန် စက်ကိရိယာ အမြောက် အများ လိုအပ်ပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း□□ကောင်း □□သင့်တင့်မျှတ □□မဖြေဆိုပါ □
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း□□ကောင်း □□သင့်တင့်မျှတ □□မဖြေဆိုပါ □
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ □□□□အသင့်အတင့်ရှိ □□□□မဖြေဆိုပါ □
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် □□□□ရသည် □□□□မဖြေဆိုပါ □
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် □ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် □□□မဖြေဆိုပါ □
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် □□ဝယ်ယူရနိုင်သည် □ မဖြေဆိုပါ □
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် □□ဝယ်ယူရနိုင်သည် □ မဖြေဆိုပါ □
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည် □□□□ရနိုင်သည် □□□မဖြေဆိုပါ □
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည် □□□□ရနိုင်သည် □□□မဖြေဆိုပါ □
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင် သည် □□သီးနှံများကို ရောင်းချနိုင်သည် □□□□မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာထွက် ကောက်ပဲသီးနှံများ အလွယ်တကူ ရောင်းချနိုင်ရန် စျေးကွက် မရှိပါ။ သီးနှံအထွက်နှုန်းတိုးစေရန် အဓိကလိုအပ်ချက်ဖြစ်သော နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုနှင့် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာများ လွယ်ကူစွာ ရရှိနိုင်ရန် လိုအပ်နေပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း □□ရာသီဥတုမမှန် □□မဖြေဆိုပါ □
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ□□□လယ်ယာမြေဆုံးရှုံးမှုများသည် □□လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် □ ပလပ်မြေများရှိသည် □ ပလပ်မြေအသင့်အတင့်ရှိသည် □□□ မဖြေဆိုပါ □
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် □□□□လုံးဝမရ □□□□မဖြေဆိုပါ □
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် □□□□လုံးဝမရ □□□□မဖြေဆိုပါ □
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် □□□□လုံးဝမရ □□□□မဖြေဆိုပါ □
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် □□□□လုံးဝမရ □□□□မဖြေဆိုပါ □
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် □□□□လုံးဝမရ □□□□မဖြေဆိုပါ □
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် □□□□လုံးဝမရ □□□□မဖြေဆိုပါ □
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် □□□□လုံးဝမရ □□□□မဖြေဆိုပါ □
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ □□□□ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ □□□□မဖြေဆိုပါ □
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ □□□□အသင့်အတင့်ကျ □□□□ အနည်းငယ် □□□□□မဖြေဆိုပါ □

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရာသီဥတု မမှန်ကန်၍ စိုက်ပျိုးရေ အလွယ်အတကူ မရရှိသောကြောင့် ဖျက်ပိုး နှင့် ရောဂါများ ကျရောက်ပြီး ဆုံးရှုံးမှု များပါသည်။ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှု

